EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
329 Julius Jeppe Street, Waterkloof, Pretoria, South Africa. 0181
Phone: 012-3412556/7, Fax: 012-3412553

# အသိပေးကြေညာချက်

၁။ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်နေကြသည့် မြန်မာနိုင်ငံသားများ၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် **၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍** ဝင်ငွေခွန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/ ၂၀၂၃ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ တောင်အာဖရိကနိုင်ငံနှင့် အာဖရိကဒေသတွင်းနိုင်ငံများတွင် ရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိလစာဝင်ငွေ၏ ၂ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့အနေဖြင့် မြန်မာနိုင်ငံသားများက ပူးတွဲတင်ပြသည့် Work Contract / Employment Agreement နှင့် Salary Certificate / Pay Slip တို့တွင် ဖော်ပြပါရှိသော လစာဝင်ငွေအပေါ် အခြေခံတွက်ချက်၍ စည်းကြပ်ကောက်ခံသွားမည်ဖြစ်ပြီး ဝင်ငွေခွန်ပေးဆောင်ပြီးပါက **“ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်”** အား ပြန်လည်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၃။ လစာဝင်ငွေခွန် ထမ်းဆောင်မည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏအား ပြည်တွင်းအခွန်များဦးစီးဌာန၏ အောက်ပါ website link တွင် ဝင်ရောက်၍ ကြိုတင်လေ့လာနိုင်ပါကြောင်း ဖော်ပြအပ်ပါသည် -

https://paye.ird.gov.mm/

၄။ မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်အား မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့၏ ကောင်စစ်ဆိုင်ရာ ဘဏ်ငွေစာရင်းသို့ တိုက်ရိုက် လွှဲပို့ရမည်ဖြစ်ပါသည်။ တောင်အာဖရိကနိုင်ငံမဟုတ်သော အခြားနိုင်ငံများမှ ငွေလွှဲပို့ရာတွင် ဘဏ်စရိတ်အား လွှဲပို့သူမှ ကျခံပေးချေရန်ဖြစ်ပြီး ဝင်ငွေခွန် ထမ်းဆောင်မှုအတွက် ပေးချေရမည့် ကျသင့်ငွေထံမှ ဘဏ်စရိတ် ဖြတ်တောက်ခြင်း မရှိစေရန်အတွက် အထူး ဂရုပြု ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့
ရက်စွဲ၊ ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
044
PRETORIA